# (၁၇)နှစ်မြောက်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဖွဲ့စည်းတည်ထောင်ခြင်းအခမ်းအနားကျင်းပပြီးစီးခြင်း
## အမေရိကန်ပြည်ထောင်စု ၊ မေရီလန်ပြည်နယ် ။

စက်တင်ဘာ ၂၄၊ ၂၀၀၅ ခုနှစ်




သဘာပတိအဖွဲ့

(၁၇)နှစ်မြောက်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဖွဲ့စည်းတည်ထောင်ခြင်း အခမ်းအနားကိုအမေရိကန်ပြည်ထောင်စု မေရီလန်ပြည်နယ်Rockvill Senior Centerတွင်၀၉၊၂၄၊၀၅(စနေနေ့)တွင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)အမေရိကားအရှေ့ခြမ်းဌာနခွဲနှင့်အဝေးရောက်ညွန့်ပေါင်းအစိုးရအဖွဲ့တို့မှနေ့လည်(၁း၀၀)နာရီမှညနေ့(၄း၀၀)အထိကြီးမှူးကျင်းပခဲ့ကြပါသည်။

အခမ်းအနားကိုအမျိုးသားဒီမိုကရစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)အရှေ့ခြမ်းမှအဖွဲ့ဝင်များ ၊ ဒေသခံများ ၊မဟာမိတ်အဖွဲ့အစည်းများ ၊ နယူးယောက်၊ ဖိုဒ့်ဝေ၊ နောက်ကိုးယိုးလိုင်းနား၊ တို့မှစုစုပေါင်း(၅၀)ယောက်နီးပါးတက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားမှူးအဖြစ် ဒေါ်အေးအေးအောင်( အရှေ့ခြမ်း)မှဆောင်ရွက်ပြီး သဘာတိများအဖြစ် ညွန့်ပေါင်းအစိုးရအဖွဲ့မှ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း၊ ဦးခင်ကျော်ဟန်(MPU)၊ ဦးဘိုလှတင့်(အရှေ့ခြမ်းနာယက) နှင့် ဦးအောင်စောဦး(အရှေ့ခြမ်းဥက္ကဌ)တို့မှဆောင်ရွက်ခဲ့ကြပါသည်။




ဒေါက်တာစိန်ဝင်း အမှာစကားပြောကြားစဉ်



ကဗျာဆရာမောင်စွမ်းရည်

အခမ်းအနားအစီစဉ်အရအခမ်းအနားဖွင့်လှစ်ကြောင်းကြေငြာအပြီး၊အလေးပြုခြင်း(၃)ရပ်၊သဘာပတိအဖွဲ့တို့မှအသီးသီးအမှာစကားပြောကြားခဲ့ကြပြီး တက်ရောက်လာကြသည့်မဟာမိတ်အဖွဲ့အစည်းများဖြစ်ကြသော လူဘောင်သစ်မှဦးဇော်မိုးကျော်၊ဦးခင်မောင်ဝင်း(အငြိမ်းစားVOA)ဦးကျော်မြတ်ထူး(၈၈၈၈ကျောင်းသားဟောင်း)၊ကဗျာဆရာမောင်စွမ်းရည်၊ကိုဇေယျာဝင်း(DFB)၊ဦးဇော်ဝင်း(စာပေထွန်းသစ်ရေးကော်မတီနယူးယောက်)၊ဦးအောင်ကျော်ဦး(Burmese Community Maryland)၊ဦးမြညို(အရှေ့ခြမ်း)၊ဒေါ်ညွန့်ညွန့်(အရှေ့ခြမ်း)နှင့်ဒေါ်ခင်အေးမြင့်(NLDမွတ္တလေးတိုင်းစည်း)တို့မှအသီးသီးစကားပြောကြားခဲကြပါသည်။

တက်ရောက်လာကြသောမဟာမိတ်အဖွဲ့စည်းများနှင့်ဒေသခံများအားကျေးဇူးတင်ကြောင်းကို ဦးရဲထွဋ်(အရှေ့ခြမ်းဒုဥက္ကဌ)မှပြောကြားခဲ့ပြီး အခမ်းအနားအစီစဉ်အရ အပိတ်အမှာစကားကိုသဘာပတိ ဦးအောင်စောဦးမှပြောကြားခဲ့ပြီး တက်ရောက်လာသူများအား အကျွေးအမွေးဖြင့် ဧည့်ခံ၍အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။




တက်ရောက်လာကြသောအင်အားစုများနှင့် အမှတ်တရ

အဆိုပါအခမ်းအနားမှနေ၍အောက်ပါတောင်းဆိုချက်များနှင့်လက်ရှိနိုင်ငံရေးအခြေအနေများကိုသုံးသပ်ဆွေးနွေးခဲ့ကြပါသည်။

(က) အဖွဲ့ချုပ်ခေါင်းဆောင် ဒုဥက္ကဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊
တိုင်းရင်းသားခေါင်းဆောင် ဦးခွန်ထွန်းဦးနှင့်တကွ အခြားတိုင်းရင်းသားခေါင်းဆောင်များ၊
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် နိုင်ငံရေး အကျဉ်းသားအားလုံး (အားလုံး) ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်။

(ခ) တရားဝင်နိုင်ငံရေးပါတီ ဖြစ်သည်နှင့်အညီ ဥပဒေမဲ့ ချိတ်ပိတ်ခြင်းခံရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများအားအမြန်ဆုံးပြန်လည် ဖွင့်လှစ်ပေးပြီး မတရားချုပ်ချယ်ကန့်သတ်  ထားမှုများ ရုတ်သိမ်းပေးရန်။

(ဂ) နအဖ အနေဖြင့် မိမိတို့ထုတ်ပြန်ထားသည့် ဥပဒေများ၊ ကြေညာချက်များ ပေးထားသည့်ကတိများအရ ပြည်သူ့လွှတ်တော်ကို အမြန်ဆုံး ခေါ်ယူပေးရန် တို့ကိုအလေးအနက်တောင်းဆိုလိုက်သည်။

ပြန်ကြားရေးဌာန
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)
အမေရိကားအရှေ့ခြမ်းဌာနခွဲ